ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# စစ်ရေးသတင်း

## အကျဉ်းချုပ်

**19.4.2023**

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

| ရန်သူတပ်သားသေဆုံး | ရန်သူတပ်သားဒဏ်ရာရ |
|---|---|
| စုံစမ်းဆဲ | စုံစမ်းဆဲ |

## အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

### ကရင်ပြည်နယ်

ဧပြီလ(၁၉)ရက်နေ့မနက်(၆)နာရီတွင် မြဝတီမြို့နယ်တောင်ပိုင်းရှိ မဲကနယ်ကျေးရွာ၏ ကျောက်တောင်၊ ကျောက်မဲနေရာများတွင် ဒေသခံတော်လှန်ရေးတပ်ဖွဲ့နှင့်ရန်သူ့တပ်/BGFတို့ အကြား တိုက်ပွဲများ ပြင်းထန်နေသည်။မနက်(၉)နာရီခန့်တွင် ရန်သူ့တပ်က Mi 35 တိုက်ခိုက်ရေး ရဟတ်ယာဉ်အပြင် ခလရ ၂၇၅(ရတခ/မြဝတီ)မှ အတွဲလိုက်ပစ် မစ်ဖိုင်းများဖြင့် ပစ်ကူပေးခဲ့သည်။ တိုက်ပွဲပြင်းထန်နေမှုကြောင့် မဲကနယ် ကျေးရွာသူ၊ ကျေးရွာသားများ ဆက်လက် စစ်ဘေးရှောင်နေကြရပြီး မိမိနေရပ်သို့ ပြန်လာချင်သော်လည်း ပြန်မလာရဲဖြစ်နေကာ ပြန်လာနေသူများကိုလည်း ရန်သူ့တပ်က စာရင်းနှင့်ဓာတ်ပုံများ ယူထားကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တနင်္သာရီတိုင်း

ဧပြီလ(၁၈)ရက်နေ့ည(၉:၁၅)နာရီခန့်တွင် လောင်းလုံးမြို့နယ်၊ ညင်းမော်ကျေးရွာအနီးတွင် လက်နက်ကိုင် မူးယစ်ဂိုဏ်း(၁)ခုကို ပြည်သူ့ကာကွယ်ရေးတပ်မတော်က ဝင်ရောက် စီးနင်းခဲ့ပြီး လက်နက်အချို့နှင့် WY ဆေးပြားများ သိမ်းဆည်းရမိခဲ့သည်။ လက်နက်ကိုင်ဆောင်ထားသော မူးယစ်ဂိုဏ်း အဖွဲ့နှင့် ထိပ်တိုက် တွေ့ဆုံပြီး ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ နေအိမ် အတွင်းမှ ဘော်ကာသေနတ် ၁လက် (ကျည်အသင့်ထိုးထားပြီး)၊ ရမ်းထောင်းသေနတ် ၂ လက်၊ ဂက်စ်သေနတ် ၁ လက်၊ ယမ်းဖူးကစ်များ၊ WY ဆေးပြား ၄၀၉ ပြား၊ ပုဆိန် ၁ လက်၊ ဓါးမျိုးစုံ ၆ လက်၊ လှံ ၁ လက်၊ ချိန်းကြိုး ၁ ခု၊ ဆိုင်ကယ် ၁ စီး၊ ဖုန်း ၃ လုံး၊ Power Bank ၁ ခု၊ ပိုက်ဆံ ၅၀,၃၀၀ ကျပ် ဓါတ်မီး ၁ လုံးနှင့် မူးယစ်ဆေးသုံးစွဲသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

## အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

## ရှမ်းပြည်နယ်

ဧပြီလ(၁၈)ရက်နေ့ည(၈)နာရီခန့်တွင် ရွာငံမြို့နယ်၊ နွားဘန်းကြီးရွာသို့ ရန်သူ့တပ်နှင့်ပျူစောထီး အင်အား (၅၀)ခန့် ဝင်ရောက်လာကာ လူအများကို ဖမ်းဆီး၍ ရိုက်နှက် စစ်ဆေးပြီး ရွှေငွေပိုက်ဆံများယူဆောင်ခဲ့သည်။